ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၁၀၀)

နေ့စွဲ – ၂၅. ၃. ၂၀၁၂

## ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းလိုအပ်ရသည့်အကြောင်း(The Necessity of Christian Discipline)

ယနေ့ခေတ်အသင်းတော်များတွင် ကျမ်းစာနှင့်ညီသောခရစ်ယာန်စည်းကမ်းထိန်းသိမ်းသည်လုံးလုံးမကျင့်သုံးတော့လောက်အောင် ပျောက်ကွယ်လာနေပြီဖြစ်သည်။ တစုံတဦးကို အသင်းတော်မှစည်းကမ်းထိန်းသိမ်းသည့်အနေနှင့် ထုတ်ပယ်လိုက်သည်ဆိုသည်မျိုးကို မကြားဘူးတော့သလောက်ဖြစ်နေပါသည်။ ကြီးမားသောပြစ်မှုကြီးများကျူးလွန်ခြင်းမှလွဲ၍ စည်းကမ်းထိန်းသိမ်းခြင်းနည်းပါးလှပါသည်။ ထိုသို့သောပြစ်မှုကြီးများအတွက်ပင် အချို့အသင်းတော်များတွင် ဘာမှမလုပ်ကြတော့ပါ။ ခရစ်ယာန်မဟုတ်သူများကဲ့သို့ အသက်ရှင်ကြသူများကိုလည်း အသင်းတော်အများက အသင်းသူ/သားများအဖြစ် ဆက်လက်လက်ခံနေကြပါသည်။ မယုံကြည်သူတို့ အသင်းတော်၏ဌာနများတွင် ဝင်ရောက်အမှုထမ်းနေကြသည်။ သင်းအုပ်များကို ဘာမဆိုဟောပြောခွင့်ပြုနေကြသည်။ ဟောသောတရားသည် မည်မျှကျမ်းစာနှင့်မကိုက်ညီစေကာမူ အကြောင်းမဟုတ်တော့ပါ။ အပြစ်၊ မယုံကြည်ခြင်း၊ ဖေါက်ပြန်ခြင်း၊ မနာခံခြင်းတို့ကိုဆုံးမခြင်းမျိုး မရှိတော့သလောက်ဖြစ်နေပါသည်။

အထူးသဖြင့် အကြောင်းအရာအများစုကို "အပြစ်ကလေးတွေပါ"ဟု မှတ်နေကြခြင်းဖြစ်သည်။ သို့သော်ထိုသို့ထင်နေသောအရာများကို မဆုံးမဘဲ၊ အရေးမယူဘဲ အသင်းတော်ထဲ ဆက်ထားလျှင် အတော်ဖျက်ဆီးနိုင်သောအရာများဖြစ်ကြပါသည်။ ဥပမာ– အခြားသူများအကြောင်းမကောင်းပြောခြင်း၊ အတင်းပြောခြင်း စသည်တို့ကို အပြစ်ဟုယူဆလျှက် ဆုံးမရမည်ဆိုခြင်းကို ပုံမမှန်ဟုယူဆနေတတ်ကြသည်၊ (သို့) မနာလိုခြင်း၊ မုန်းတီးခြင်း (သို့) အငြင်းပွားခြင်း စသည်တို့ကို အပြစ်ဟုယူဆရန် ထူးဆန်းနေတတ်ကြပါသည်၊ သို့သော် ၎င်းတို့ကို ကျမ်းစာက အသင်းတော်နှင့်ဘုရားသခင်၏အမှုတော်ဆောင်ခြင်းအား ဖျက်ဆီးသောအရာများဟုပြောနေပါသည် (သုတ္တံ ၂၆း၁၇–၂၈၊ မသဲ ၅း၂၁–၂၄)။ ၎င်းတို့သည် ဥယာဉ်တခုလုံးကို ပျက်စီးစေသော မြေခွေးငယ်ကလေးများဖြစ်ကြပါသည် (ရှောလမုန်သီချင်း ၂း၁၅)။

ထိုသို့အရေးမယူခြင်း၏ရလဒ်မှာ အပြစ်သည် ၎င်း၏ဖျက်ဆီးနိုင်သောအစွမ်းသတ္တိနှင့်အတူ အသင်းတော်ထဲတွင် ပေါက်ဖွားကာကြီးထွားရှင်သန်စည်ပင်နေခြင်းဖြစ်ပါသည်။ ထိုသို့ဖြင့် အဆုံးတွင် အသင်းတော်သည် ပျက်သုန်းသွားပါသည်။ ကောရင့်အသင်းတော်၏အပြစ်အကြောင်း ကျမ်းစာကဖေါ်ပြလျှက် ကျွန်တော်တို့ကိုသတိပေးခဲ့သောစကားအတိုင်းဖြစ်လာပါသည် "အနည်းငယ်သောတဆေးက မုန့်တပုံလုံးကို အချဉ်ပေါက်စေသည်ဟု မသိကြသလော?"(၁ကော ၅း၆)။ အရာအားလုံးတွင် လိုအပ်သမျှရှိနေလျှက်၊ ပထမချစ်ခြင်း လျော့သွားမှုကိုဖြစ်စေသော ဧဖက်အသင်းတော်သည်ပင် ၎င်း၏ဖယောင်းတိုင်ထွန်းသောခုံကိုရွှေ့ပစ်ခြင်းခံရမည့်အခြေအနေဆိုးသို့ ရောက်သွားနိုင်ပါသည် (ဗျာ ၂း၁–၇)။

ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းသည် အဆုံးသတ်တွင် အသင်းတော်မှထုတ်ပယ်ပစ်လိုက်ခြင်းသို့ ရောက်တတ်ပါသည်။ ထိုအဆင့်သည် အတော်ကလေးမနှစ်သက်စရာကောင်းသော်လည်း အသင်းတော်တခုလုံး၏လုံခြုံရေးနှင့်ကောင်းစွာအသက်ရှင်နိုင်ရေးအတွက် ထိုသို့ပြုခြင်းသည် အလွန့်အလွန်အရေးပါလှပါသည်၊ ကျမ်းစာကလည်း ထိုသို့ မကြာမကြာပြောပါသည် (မသဲ ၁၈း၁၅–၁၇၊ ၁ကော ၅း၁–၁၃၊ ၂သက် ၃း၁၄–၁၅၊ ၁တိ ၁း၁၉–၂၀၊ ဗျာ ၂း၂)။

ကျမ်းစာတွင် အသင်းတော်မှထုတ်ပစ်လိုက်ခြင်းကို ထိုသူအား စာတန်ထံသို့အပ်လိုက်ခြင်းဟုခေါ်ပါသည်(၁ကော ၅း၅၊ ၁တိ ၁း၂၀)။ ထို့နောက် ထိုသူကို မိတ်သဟာယဖွဲ့ခြင်းမှ ထုတ်ပယ်ခြင်းဟုခေါ်ပါသည်(မသဲ ၁၈း၁၇၊ ၂သက် ၃း၁၄)၊ အထူးသ ဖြင့် သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာ မိတ်သဟာယဖွဲ့ခြင်းမှဖြစ်ပါသည်(၁ကော ၅း၁၁၊ ၁၃)။ တချို့သောကိစ္စများတွင် အပြစ်ပြုသူကို ခုံရုံးတင်စစ်ဆေးခြင်းပင် ပါတတ်ပါသည် (ဗျာ ၂း၂)။

ခရစ်ယာန်စည်းကိမ်းထိန်းသိမ်ခြင်းတွင် ထိုသို့သောအဆုံးစွန်ပြုရခြင်းများပါဝင်သဖြင့် တခါတရံသာပြုကြခြင်းဖြစ်ပါသည်။ သို့သော် ၎င်းသည် အသင်းတော်၏ကောင်းမွန်စွာရပ်တည်နိုင်ရခြင်းအတွက် အလွန့်အလွန်အရေးကြီးယုံမျှမကပါ၊ အပြစ်သား၏ကယ်တင်ခြင်းရမှုအတွက်လည်း အလွန်အရေးကြီးပါသည်။ စည်းကမ်းထိန်းခြင်းကို အပြင်းထန်နိုင်သမျှအပြင်းထန်ဆုံးစကားလုံးများဖြင့်ဖေါ်ပြပြီးသော်၊ ၁ကော ၅း၅က စည်းကမ်းထိန်းရခြင်း၏အဓိကရည်ရွယ်ချက်သည် "အသွေးအသားကိုဖျက်ဆီးပစ်လိုက်ဖို့"ဟုပြောပြပါသည်။ ထို့အပြင် သခင်ယေရှု၏နေ့ရက်၌ ဝိညာဉ်ကယ်တင်ခြင်းရရန်ဖြစ်သည်ဟု ဆက်ပြောပါသည် (၂သက် ၃း၁၄)။ ထို့ကြောင့် ရီဖေါ့မ်ယုံကြည်ချက်၏ ခံယူယုံကြည်ချက်တခုက ၎င်းကို "နောက်ဆုံးကုသခြင်း"ဟုခေါ်ထားပါသည်။

သို့သော် စည်းကမ်းထိန်းသိမ်းခြင်းသည် အသင်းတော်မှထုတ်ပယ်ပစ်ခြင်းတခုသာ မဟုတ်ပါ။ အသင်းသူ/သားများအားလုံးက သေချာစွာစောင့်ကြည့်ခြင်း၊ ဆုံးမခြင်း စသည်တို့ပါဝင်ပါသည်။ မသဲ ၁၈ က ထိုအပြစ်သား ဆုံးမနေသော်လည်းလည်းနောင်တမရချင်သည့်အခါ အသင်းတော်တခုလုံး ပါဝင်လာရပါသည်ဟု သင်ပေးပါသည်။ ထိုကဲ့သို့ အသင်းတော်တခုလုံးက တာဝန်ကျေပြွန်စွာ ဝင်ရောက်ပါဝင်ကြလျှင်၊ အဆုံးသတ်အသင်းတော်မှထုတ်ပယ်ရခြင်းမျိုး သိပ်လိုအပ်မည်မဟုတ်ပါဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။

## ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းပြုလုပ်ပုံနည်းလမ်းအကြောင်း(The Way of Christian Discipline)

ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းသည် အလွန်လေးနက်သောအကြောင်းအရာဖြစ်သဖြင့်၊ ၎င်း၏ဥပဒေသများကို ကျမ်းစာတွင် သေချာစွာချမှတ်ပေးပါသည်၊ အထူးသဖြင့် မဿဲ ၁၈ တွင်ဖြစ်သည်။ ထိုဥပဒေသများသည် မရှိမဖြစ်အရေးကြီးပါသည်။

ပထမဆုံးသိရမည်မှာ စည်းကမ်းထိန်းခြင်းသည် တဦးချင်းဆုံးမမှုမှစတင်ပါသည်။ တစုံတဦးက ကျွန်တော်တို့အပေါ် အပြစ်ပြုသောအခါ၊ (သို့) စိတ်နာစေသောအခါ၊ ကျွန်တော်တို့သည် သူ့ထံသွားရမည်၊ သူ့၏အပြစ်အားပြောပြရမည်၊ အသင်းတော်သို့ ချက်ခြင်း ပြဿနာကို ယူမသွားရပါဟု တောင်းဆိုပါသည်။

ထိုတဦးချင်းဆုံးမသည့်အကြောင်းတွင် အချက်အတော်များများကိုသတိပြုဖို့လိုပါသည်။ ပထမ၊ ကျွန်တော်တို့သည် အပြစ်ကို တဦးချင်းအနေနှင့်ကိုင်တွယ်နေခြင်းဖြစ်သည်။ ထို့ကြောင့် အပြစ်သားတဦးတည်းကိုသာပြောရမည်၊ အခြားသူကို လုံးဝပြောမပြရ။ အခြားသူများ၏အပြစ်ကို အခြားသူများထံသို့ပြောခြင်းကိုယ်၌က အတင်းပြောခြင်းအပြစ်ဖြစ်သည်၊ သတင်းကူန်သည်လုပ်ခြင်းဖြစ်သည်၊ အသင်းတော်ကိုသေစေလောက်သောအပြစ်တမျိုးဖြစ်ပါသည် (သုတ္တံ ၂၆း၂၀–၂၆)။ ထို့ကြောင့် သခင်ယေရှုက မဿဲ ၁၈း၁၅တွင် “သူ့အား သူ၏အမှားကိုပြောပြလော့၊ သင်နှင့်ထိုသူ နှစ်ဦးကြားတွင်သာပြောပြလော့”ဟု မှာထားခြင်းဖြစ်သည်။

ဒုတိယ၊ ပြစ်မှားခြင်းခံရသူက ပြစ်မှားသူထံသွားဖို့ အဓိကတာဝန်ရှိပါသည်။ သို့သော် အများအားဖြင့် ကျွန်တော်တို့၏ မာနနှင့်ဒေါသကြောင့်၊ အပြစ်ပြုသူလာရန်သာ ကျွန်တော်တို့ စောင့်တတ်ကြပါသည်၊ ရလဒ်မှာ ထိုသူနှင့် ပြန်လည်မသင့်မြတ်နိုင်တော့ခြင်းဖြစ်သည်။

တတိယ၊ အပြစ်ပြုခြင်းအားပြစ်တင်ဆုံးမခြင်းခြင်းကို နှိမ့်ချခြင်း၊ ချစ်ခြင်းနှင့်ပြုရမည်ဖြစ်သည်။ မဿဲ ၁၈ တွင် သခင်ယေရှုက အပြစ်ပြုသောကျွန်တော်တို့၏အသင်းသားများကို “ညီအကိုတို့”ဟုခေါ်ပါသည်။ ၂သက် ၃း၁၅ တွင် အသင်းတော်မှထုတ်ပယ်ခြင်း ခံပြီးသူကိုပင် “ညီအကို”ကဲ့သို့ ဆုံးမနေရမည်ဟုပြောပြပါသည်။ မှားသွားသောညီအကိုကို ပြန်မရနိုင်ကြရခြင်းသည် သူ၏အပြစ်ကိုမည်ကဲ့သို့ဖေါ်ပြသည်ဆိုသည့်အပေါ်တွင်သာ တည်နေတတ်သည်ဟု မကြာခဏတွေ့ရပါသည်။

အပြစ်ပြုသူက ဆုံးမခြင်းကိုလက်မခံ၊ နောင်တမရချင်တော့မှ အခြားသူများကို ပေးသိရတော့မည်ဖြစ်သည်။ ထိုအခါတွင်လည်း အတင်းပြောသည့်ပုံစံဖြင့်မဟုတ်ရ။ အပြစ်ပြုသူကို သက်သေတို့နှင့်အတူ ချည်းကပ်ရမည်ဖြစ်သည် (မဿဲ ၁၈း၁၆၊ တော ၃၅း၃၀)။ ထိုလိုက်လာသောသက်သေများကလည်း ထိုသူ ဆက်၍နားမထောင်ချင်ဟုသိရလျှင် ဝင်၍ဆုံးမကြဖို့ တာဝန်ရှိကြပါ သည် (မဿဲ ၁၈း၁၇)။

ထို့နောက် ထိုကိစ္စကို အသင်းတော်သို့ အသင်းလူကြီးထံသတင်းပို့ခြင်းဖြင့် ဆောင်ယူသွားရမည်။ အပြစ်ပြုသူက နောင်တမရဘဲ ဆက်နေသောအခါဖြစ်သည်။ ထိုသို့ဖြင့် နောက်ဆုံးတွင် ထိုသူသည် အသင်းတော်မှထုတ်ပယ်ခြင်းခံရမည်ဖြစ်သည်၊ သူပြုသောအပြစ်အတွက်၊ နောင်တမရလို့မှုအတွက်တို့ကြောင့်ဖြစ်သည်။ ထိုသို့ထုတ်ပယ်ခြင်းတွင် ပွဲတော်မင်္ဂလာများအား မသုံးစေခြင်းပါသည်၊ နောက်ဆုံးတွင် အသင်းသူ/သားဖြစ်ခြင်းမှရုပ်ဆဲခြင်း၊ အသင်းတော်၏မိတ်သဟာယမှရုပ်ဆဲခြင်းတို့ လိုက်လာမည်ဖြစ်သည်။

ဤနေရာတွင် မှတ်သားစရာကောင်းသည်မှာ ကျမ်းစာက “ဆုံးမခြင်းများ”ဟု အများကိန်းကိုအသုံးပြုထားခြင်းဖြစ်သည်။ ချစ်ခြင်းက နောင်တရလာဖို့ အခွင့်အရေး ရနိုင်သမျှပေးချင်ပါသည်။ ဆုံးမသည့်အခါ၊ အပြစ်ပြုသူကို ညှာတာစွာဆုံးမရပါမည်၊ အထူးသဖြင့် ထိုသူနောင်တရသည့်အခါဖြစ်သည်။ ထို့အတွက် ကျမ်းစာက ချစ်ခြင်းက အပြစ်ကို ဖုံးအုပ်ပါသည်ဟုပြောခြင်းဖြစ်သည်။ ထိုအပြစ်ကို မကိုင်တွယ်ရဟု ဖုံးကွယ်ပေးခြင်းကို ပြောနေသည်မဟုတ်ပါ။ အပြစ်ပြုသူကို ညှာတာခြင်းအားပြောနေခြင်းဖြစ်သည်၊ ထိုသို့ဖြင့် မလိုအပ်ဘဲ အရှက်မကွဲစေခြင်း၊ အပုတ်ချမခံရခြင်းတို့ကိုဖြစ်သည် (ယာကုပ် ၅း၁၉–၂၀)။

အချို့သောကျမ်းပိုဒ်များတွင် အပြစ်ကို ချက်ခြင်း၊ လူသိရှင်ကြား ဆုံးမကြေညာပါဟုပြောတတ်ပါသည်။ ထိုသို့ ပေါလုက ပေတရုကို ဆက်ဆံခဲ့ပါသည် (ဂလာတိ ၂း၁၁–၁၄)၊ အဘယ့်ကြောင့်ဆိုသော် ပေတရုသည် အသင်းတော်တွင် အလွန်အရေးပါသူဖြစ်သည်။ ထိုသို့သောအမှု နှစ်မျိုးကို ၁တိ ၅း၂၀ တွင်ပြောပြသည်၊ တစုံတဦးက ရှက်စရာအပြစ်ကို လူအများရှေ့တွင်ပြုသည့်အခါ၊ နောက်တမှုမှာ အပြစ်ပြုသူသည် အသင်းတော်ခေါင်းဆောင်ဖြစ်သည့်အခါ ချက်ခြင်းလူသိရှင်ကြား ဆုံးမကြေညာရပါမည်။(ပေါလုကအသင်းလူကြီးများကိုအတူးသဖြင့်ရည်ညွှန်းပါသည်)။

ထိုနည်းလမ်းများဖြင့် အပြစ်ကို အသင်းတော်ထဲတွင် ကိုင်တွယ်ပါမည်၊ အသင်းတော်သည် ပျက်ဆီးမသွားဘဲနေပါမည်။ ထိုအခါမှသာ ကျွန်တော်တို့၏ဘုရားသခင်ကို လူအများက မကဲ့ရဲ့မလှောင်ပြောင်ဘဲနေကြမည်ဖြစ်သည်။ အသင်းတော်၌ ဘုန်းတော်ထင်ရှားမည်ဖြစ်သည်။ အပြစ်သားတို့လည်း ကယ်တင်ခြင်းရကြမည်ဖြစ်သည်။

## ပွဲတော်မင်္ဂလာများအကြောင်း(The Sacraments)

တရားဟောခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်းအကြောင်းတို့ကို ပြောပြပြီးကြသောအခါ၊ ကျွန်တော်တို့သည် ခက်ခဲသောခေါင်းစဉ်ဖြစ်သည့်၊ ပွဲတော်မင်္ဂလာများအကြောင်း ရောက်ကြပါသည်။ တဖက်တွင်၊ ခရစ်တော်က အသင်းတော်၏ညီညွတ်ခြင်းအမှတ်လက္ခဏာများအဖြစ် တည်ထောင်ပေးခဲ့သော ပွဲတော်မင်္ဂလာများသည် အသင်းတော်အားကွဲပြားစေသော အဓိကအကြောင်းတရားဖြစ်နေခြင်းကြောင့် ပွဲတော်မင်္ဂလာများသည် ပြဿနာကိစ္စဖြစ်နေရပါသည်။ နောက်တဖက်တွင်မူ၊ အသင်းတော်ကယုံကြည်သမျှ ယုံ

ကြည်ချက်အားလုံးသည် ပွဲတော်မင်္ဂလာသို့လာရောက်စုံချက်ဖြစ်နေကြပါသည်။ ထို့ကြောင့် ပွဲတော်မင်္ဂလာများက အသင်းတော်များကိုကွဲပြားနေစေခြင်း၊ ခရစ်ယာန်များကို ကွဲပြားနေစေခြင်းသည် အံ့သြစရာကိစ္စတော့မဟုတ်ပါချေ။ ကျွန်တော်တို့ပွဲတော်မင်္ဂလာများအကြောင်းကိုပြောကြသည့်အခါ၊ ကွဲပြားမှုများဖြစ်လာရန်မဟုတ်ပါ၊ အသင်းတော်တွင် ညီညွတ်ခြင်းဖြစ်လာပါစေဟု ဆုတောင်းလျှက် မျှော်လင့်ကြလျှက် ပြောကြခြင်းဖြစ်ပါသည်။

ပွဲတော်မင်္ဂလာများဆိုသည်မှာအဘယ်နည်း? ပွဲတော်မင်္ဂလာဆိုသည့်စကားလုံးသည် လက်တင်စကားမှဆင်းသက်လာခြင်းဖြစ်ပါသည်။ အဓိပ္ပါယ်မှာ "ကျမ်းကျိန်ခြင်း"ဖြစ်ပါသည်။ ထိုစကားလုံးကို ကျမ်းစာတွင်မတွေ့ရပါ။ သို့သော် ပွဲတော်မင်္ဂလာတခုတိုင်းသည် ခရစ်တော်က အသင်းတော်သို့ပေးထားသည့် မြင်နိုင်သော၊ ထိတွေ့၍ရသော ကတိတော်တော် (သို့) ကျိန်ဆို၍ပေးထားခြင်းဖြစ်နေကြ၍ ပွဲတော်မင်္ဂလာဆိုသည့်စကားလုံးကို သုံးရခြင်းဖြစ်ပါသည်။

ပွဲတော်မင်္ဂလာဆိုသောစကားလုံးကို သုံးသည့်အခါ၊ ခရစ်တော်က သူ၏အသင်းတော်သို့၊ တစုံတခုသောကတိတော်ကို အတည်ပြုဖို့ရန် ပေးအပ်ထားသည့် အခန်းအနားမျိုးအတွက် အထူးတလည်အသုံးပြုခြင်းဖြစ်ပါသည်။ ထိုသို့သောအခန်းအနားများကို အသင်းတော်သည် ခရစ်တော်ပြန်လာချိန်တိုင်အောင် ကျင့်သုံးနေမည်ဖြစ်သည် (မဿဲ ၂၈း၁၉–၂၀၊ ၁ကော ၁၁း၂၆)။

ထိုအခန်းအနားများသည် ပုံဆောင်ချက်များ(သို့)သင်္ကေတအမှတ်လက္ခဏာများ ဖြစ်ကြသည်။ ခရစ်တော်က ညစာပွဲတော်မင်္ဂလာတွင်သုံးသည့် "ပေါင်မုန့်"ကို "ငါ့ကိုယ်ခန္ဓာ"ဟု တင်စားခေါ်ဝေါ်ခြင်းဖြင့် ထိုအချက်ကိုသိနိုင်သည်။ ထို့အပြင် "ခွက်"ကို "ငါ့အသွေး၌တည်သော ပဋိညာဉ်သစ်"ဟုတင်စားခေါ်ဝေါ်ခဲ့ပါသည် (လုကာ ၂၂း၂၀)။ ရိုးရိုးပေါင်မုန့်နှင့်ခွက်က အရှိအတိုင်းဆိုလျှင် ထိုသို့မဖြစ်နိုင်ကြပါ၊ ထို့ကြောင့် ၎င်းတို့သည် ခရစ်တော်၏ကိုယ်ခန္ဓာနှင့်အသွေးတော်ကို ပုံဆောင်သောသင်္ကေတအမှတ်လက္ခဏာများဖြစ်ကြပါသည်။

ထိုသို့ပင် ဗတ္တိဇံမင်္ဂလာတွင်လည်း တွေ့နိုင်ပါသည်။ ကျမ်းစာက ရေနှင့်ပေးသောဗတ္တိဇံနှင့်အပြစ်များအားဆေးကြောပစ်လိုက်ခြင်းနှစ်မျိုးစလုံးကို ခရစ်တော်၏အသွေးတော်နှင့်ဟု ခေါ်ဝေါ်ထားပါသည်။ သင်္ကေတအမှတ်လက္ခဏာနှင့်၊ ဝိညာဉ်ရေးရာတကယ်ဖြစ်မှု နှစ်မျိုးစလုံးကို ဗတ္တိဇံဆိုသောအမည်တမျိုးတည်းနှင့်ခေါ်ထားပါသည် (တမန် ၂း၄၁နှင့် ၁ပေ ၃း၂၁ တို့ကိုနှိုင်းယှဉ်ကြည့်ပါ)။

ကျွန်တော်တို့၏ယုံကြည်ခြင်းအား အကူအညီပေးရန် ထိုပုံဆောင်ချက်များ၊ သင်္ကေတအမှတ်လက္ခဏာများကို ပေးထားပါသည် (တရားသူကြီး ၆း၃၆–၄၀၊ လုကာ ၁း၁၈–၂၀၊ ၂း၁၂)။ ၎င်းတို့က ကျွန်တော်တို့၏ယုံကြည်ခြင်းကို နည်းလမ်းနှစ်မျိုးဖြင့် ကူညီပါသည်။ မမြင်ရသော၊ သို့သော် ဝိညာဉ်ရေးရာတကယ့်အရှိတရားများကို ပုံဖေါ်ပေးသည်၊ ခရစ်တော်သည်ပြည့်ဝသောကယ်တင်ရှင်ဖြစ်ကြောင်း ဖေါ်ညွှန်းပေးသည်။ ကျွန်တော်တို့၏ယုံကြည်ခြင်းများသည် မကြာခဏအားနည်းတတ်သောကြောင့် ၎င်းတို့ကို လိုအပ်ကြပါသည်။ ကျွန်တော်တို့သည် မမြင်ဘဲနှင့်ယုံကြရပါမည် (ယော ၂၀း၂၉၊ ၂ကော ၅း၇)။

ဗတ္တိဇံနှင့်အရေးဖျားလှီးခြင်းမင်္ဂလာတို့သည် ဆက်စပ်ဆက်နွယ်နေကြသည်ဟု ယုံကြည်ကြလျှက်၊ ညစာပွဲတော်မင်္ဂလာနှင့် ပဿခါပွဲတို့သည် ဆက်စပ်ဆက်နွယ်နေကြသည်ဟု ယုံကြည်ကြလျှက် ပွဲတော်မင်္ဂလာများသည် အမှတ်တံဆိပ်များ ဖြစ်ကြသည်ဟု ကျွန်တော်တို့မြင်ပါသည် (ရောမ ၄း၁၁)။ ၎င်းတို့သည် သင်္ကေတအမှတ်လက္ခဏာများဖြစ်ကြလျှင်၊ အမှတ်တံဆိပ်များလည်း ဖြစ်ကြမည်အမှန်၊ အဘယ့်ကြောင့်ဆိုသော် သင်္ကေတအမှတ်လက္ခဏာများက အမြဲတမ်း တစုံတခုသောအကြောင်းအရာကို ခိုင်မာစေပါသည် (သို့) အမှတ်တံဆိပ်ခတ်၍ တရားဝင်ဖြစ်စေပါသည်။

အမှတ်တံဆိပ်များအနေနှင့် ပွဲတော်မင်္ဂလာတို့သည် ယုံကြည်သူများကို ဝိညာဉ်ရေးရာတကယ့်အရှိတရားများအား ပုံဖေါ်ပေးခြင်း၊ တစုံတရာသောအမှန်တရားများကို သင်ကြားပြသပေးခြင်းများကိုသာ ဆောင်ရွက်ကြသည်မဟုတ်ပါ၊ ကျွန်တော်တို့၏ယုံကြည်ခြင်းများကိုလည်း ပို၍ခိုင်မာစေကြပါသည်၊ အားတိုးစေကြပါသည်။ ပွဲတော်မင်္ဂလာများက ကျွန်တော်တို့၏ယုံကြည်ခြင်းများအားမည်သို့ခွန်အားတိုးစေကြသနည်းဆိုသော်၊ ကျွန်တော်တို့၏ကိုယ်ခန္ဓာများကို ရေဖြင့်ဆေးကြောသော်အမှန်တကယ် ပြောင်စင်သွားသလို၊ ခရစ်တော်၏အသွေးတော်က ကျွန်တော်တို့၏ဝိညာဉ်များကို ပြောင်စင်အောင်ဆေးကြောပေးပါသည်ဟု ဗတ္တိဇံမင်္ဂလာဖြင့် သေချာစွာသဘောပေါက်စေခြင်း၊ မုန့်နှင့်စပျစ်ဝိုင်က(အစားအစာကိုဆိုလိုသည်) ကျွန်တော်တို့ကို ခွန်အားပေး၊ ပြည့်ဖြိုးလန်းဆန်းစေသကဲ့သို့၊ ခရစ်တော်သည် ကျွန်တော်တို့၏ဝိညာဉ်များအတွက် နေ့စဉ်စားရသောအစာ၊ သောက်ရသောရေနှင့်အသက်ရှင်ခြင်းတို့ဖြစ်သည်ဟုပြောပြပါသည်။

ထို့ကြောင့် ပွဲတော်မင်္ဂလာများသည်၊ ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်ဂရုဏာတို့ကို ပြောပြပေးသော အံ့သြစရာ၊ ထူးခြားသော သက်သေခံများဖြစ်ကြပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့အားနည်းကြသည့်အခါ၊ ပစ်ပစ်ခါခါငြင်းပယ်သူမဟုတ်၊ ထောက်ပံ့မစသူဖြစ်သည်ကို ပြောပြကြပါသည်။ ထို့အတွက်ကြောင့် ပွဲတော်မင်္ဂလာများသည် လိုအပ်ချက်ဖြစ်ပါသည်၊ ၎င်းတို့ကို ကျွန်တော်တို့ အသုံးပြုကြသည့်အခါ၊ ကျွန်တော်တို့၏ ဘုရားသခင်ကို အားကိုးခြင်းအား ဖေါ်ပြသောသက်သေဖြစ်ပါသည်။

(Doctrine according to godliness, Rev. Ronald Hanko**၏စာအုပ်မှ ဘာသာပြန်ပါသည်**)

++++++++++++++++++++++++++++++++++++++

**သမိုင်းဆိုသောအရာကို ခရစ်ယာန်တယောက်အနေနှင့်နားလည်ခြင်း**

သမိုင်းဆိုတာဘာလဲ? ကျွန်တော်တို့လို နေ့တဒူဝသွားလာစားသောက်နေရတဲ့ သာမန်ခရစ်ယာန်တွေအတွက် အရေးကြီး ပါသလား? အရမ်းအရေးကြီးပါတယ်။ ဘာလို့လဲဆိုတော့ သမိုင်းကိုသိရင် မျှော်လင့်ချက်အမြဲရှိနိုင်လို့ဘဲ။ ဒါပေမဲ့ ခရစ်ယာန်တယောက်အနေနဲ့သိမှပါ၊ ခရစ်ယာန်မဟုတ်သူတယောက်အတွက်တော့ သမိုင်းဟာ ဘာမှမျှော်လင့်ချက်မပေးနိုင်ပါဘူး။

## သမိုင်းကိုသိကြပုံ

သမိုင်းကိုအများစုကတော့ အတိတ်ကအဖြစ်အပျက်များလို့ အစိပ္ပါယ်ဖွင့်ချင်ကြပါတယ်။ ဒီနေရာမှာ ပြဿနာက အဲဒီအတိတ် ဘယ်အချိန်ကစမှာလဲဆိုတဲ့မေးခွန်းဖြစ်တယ်။ အချိန်ကရွေ့နေတော့ ရှိသမျှအချိန်အားလုံးဟာ အလျှင်အမြန်အတိတ်ဖြစ် နေလို့ဘဲ။ ဒါ့ကြောင့် ဒီလိုအချိန်ကိုတောင် အတိအကျသတ်မှတ်ဖို့ခက်ခဲနေတဲ့အမြင်မှာ ဘယ်လိုလုပ် မျှော်လင့်ချက်ပေးနိုင်မှာလဲ။

နောက်ပြဿနာက အတိတ်ကအဖြစ်အပျက်များလို့ပြောတဲ့အခါမှာ၊ အဖြစ်အပျက်တွေက များလွန်းလို့၊ အချက်အလက်တွေကများလွန်းလို့ လူတယောက်ရဲ့တဘဝလုံးကုန်အောင်လေ့လာဦးတော့၊ ဘာမှသိနိုင်မှာမဟုတ်ဘူး။ ဒါ့ကြောင့် မျှော်လင့်ချက်ပေး နိုင်ဖို့ကတော့ ဝေးဆွ။

နောက်တစုကတော့ သမိုင်းဆိုတာ သမိုင်းဆရာရဲ့ရွေးခြယ်မှုဘဲတဲ့။ ဆိုလိုတာက သမိုင်းရေးဖို့အတွက် အတိတ်မှာ အဖြစ်အပျက်အချက်အလက်တွေက တောင်လိုပုံဆိုတော့ အားလုံးကိုရေးလို့မဖြစ်ဘူး။ ဒီတော့ သမိုင်းဆရာက သူဦးတည်တဲ့လမ်းကြောင်း အတွက် အချက်အလက်တွေကို ရွေးခြယ်စုစောင်းပြီး၊ သူလိုချင်တဲ့ဦးတည်ချက်ရောက်အောင် အဲဒီအချက်အလက်တွေကို ပီပီပြင် ပြင်အသုံးချရေးသားတာကိုဆိုလိုပါတယ်။ ဒီတော့ သမိုင်းဆိုတာဟာ သမိုင်းဆရာကပေးချင်ချင်တဲ့အကြောင်းအရာကိုသိရသလိုဖြစ် လာပြန်ပါတယ်။ တကယ့်သမိုင်းကိုမသိနိုင်တော့ဘူး။ သမိုင်းဆရာက အရောင်ဆိုးလိုက်ပြီ၊ သူချယ်တဲ့အရောင်ကိုဘဲ ကျွန်တော်တို့ ကသိရတာ။ ဒီတော့ ဓမ္မဓိဌာန်မဆန်တော့ဘဲ၊ ပုဂ္ဂလဓိဌာန်ဆန်နေတော့တယ်။ ဒီလိုမျိုးသမိုင်းက ဘယ်လိုလုပ် မျှော်လင့်ချက်ပေး နိုင်မှာလဲ။ မျှော်လင့်ချက်ပေးနိုင်တယ်ထားဦးတော့ ရေးသူကလည်း လူဖြစ်တော့၊ အဲဒီမျှော်လင့်ချက်မှန်နိုင်ပါ့မလား? ဥပမာ – ကားလ်မာ့စ်က လွန်ခဲ့တဲ့နှစ်တရာလောက်က သမိုင်းကိုရေးပြီး၊ မျှော်လင့်ချက်ပေးခဲ့တယ်။ နောက်ဆိုရင်တဲ့ ကမ္ဘာကြီးကို ကွန်မြူနစ် ဝါဒက အောင်ပွဲခံမယ်တဲ့၊ ပစ္စည်းမဲ့တွေက၊ ဘူဇွါတွေကိုအနိုင်ရလျှက်၊ ကမ္ဘာပေါ်မှာ သယာဝပြောတဲ့လူ့ဘောင်သစ်ကို ကွန်မြူဝါဒ နဲ့အကောင်အထည်ပေါ်မယ်တဲ့။ ဒါဟာ အရူးထခြင်းဘဲလို့ ဒီနေ့ခေတ်လူတိုင်းကသိပါတယ်။

နောက်တစုကတော့ မျိုးချစ်သမိုင်းဝါဒီတွေဖြစ်တယ်။ ဒီလူတွေကတော့ သူတို့လူမျိုးသာလျှင် အကြီးမြတ်ဆုံးအကောင်းဆုံး ဆိုတဲ့ဝါဒနဲ့သမိုင်းကိုရေးကြတာဖြစ်တယ်။ မျိုးချစ်သမိုင်းတွေက နောက်ဆုံးမှာ ဟစ်တလာလိုလူဆိုးတွေကိုဘဲ ထုတ်လုပ်ပေးပါ တယ်။ ဒါ့ကြောင့် မျိုးချစ်ဆိုတဲ့ပုဂ္ဂိုလ်တွေဟာ တကယ်က လူသတ်သမားဖြစ်ဖို့ သိပ်နီးစပ်တဲ့သူတွေဖြစ်တယ်။ ကိုယ့်အမျိုးသာ အ ကောင်းဆုံး တခြားလူမျိုးတွေကတော့ နိမ့်ကျတယ်လို့ယူဆပြီး ဘာမျှော်လင့်ချက်မှမပေးနိုင်ပါဘူး။ ရန်ပွဲတွေကိုသာ ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ ဒါကြောင့် သမိုင်းရေးခြင်းထဲမှ အနိမ့်ကျဆုံးကတော့ မျိုးချစ်သမိုင်းဖြစ်တယ်။

ဒါတွေအားလုံးကိုခြုံကြည့်ရင် ဘာကိုတွေ့ရမလဲ? တွေ့ရတာကတော့ လူကိုအဓိကထားနေကြတာဖြစ်တယ်။ လူသာပဓါန ဆိုတဲ့ အိုင်ဒီယာကနေ သမိုင်းကိုရေးနေကြလို့ဖြစ်တယ်။ လူဟာ ပေတံ၊ လူဟာစံနှုန်း၊ လူက အားလုံးကိုသိတယ်၊ လူသာ အခရာဖြစ် တယ်လို့ယူဆနေကြတော့၊ ဘယ်မှာမှအမှန်တရားမရှိနိုင်တော့ပါဘူး။ သိပ္ပံနည်းကျလို့ အသံကောင်းဟစ်နေကြပေမဲ့၊ သိပ္ပံနည်းကျဖို့ အားလုံးကိုခြုံပြီးမလေ့လာနိုင်ပြန်ဘူး။ ဒီတော့ သူ့ရဲ့အသံဟာ လေထဲမှာပျောက်သွားပြန်ပါတယ်။ လူဟာ အသက်ကလည်းတိုတော့ ပိုဆိုးတာပေါ့။ ထာဝရလို့အော်နေပေမဲ့၊ သူကနေနိုင်လှမှ ၉၀ ဝန်းကျင်၊ လှုပ်တုပ်လှုပ်တုပ်နဲ့။ ဒါ့ကြောင့် သမိုင်းကို ခရစ်ယာန်က ဒီလိုမချည်းကပ်ပါဘူး။

## ခရစ်ယာန်သမိုင်းအမြင်

သုံးပါးတဆူဘုရားသခင်ဟာ ဖန်ဆင်းရှင်ဖြစ်တဲ့အတွက် သမိုင်းကို သူကစပါတယ်။ "အစတွင် (သုံးပါးတဆူ)ဘုရားသခင် သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏"လို့ပြောတဲ့အချိန်ကနေ တကယ့်သမိုင်းအဖြစ်အပျက်တွေစဖြစ်ပါတယ်။

ဒီစာကြောင်းမှာပြောစရာတွေနဲနဲပါလာပါတယ်။ ပထမကတော့ "သုံးပါးတဆူဘုရားသခင်"ဆိုတာဘဲ၊ ဒါ့ကြောင့် ခရစ် ယာန်ကိုးကွယ်သောဘုရားသခင်ဟာ မူဆလင်ဘုရားနဲ့မတူဘူး။ ဂျူးဘုရားနဲ့လဲ မတူပါဘူး။ သူတို့ဆီမှာ သုံးပါးတဆူဆိုတဲ့ အိုင်ဒီ ယာ မရှိကြဘူး။ ဒါ့ကြောင့် ဖန်ဆင်းရှင်လို့ ခရစ်ယာန်ကပြောရင်၊ သုံးပါးတဆူကိုရည်ညွှန်းတာဖြစ်တယ်။

ဒုတိယကတော့၊ "တကယ့်သမိုင်းအဖြစ်အပျက်"ဆိုတဲ့စကားစုဘဲ။ ဒီစကားစုအရ သမိုင်းနဲ့တကယ့်သမိုင်းအဖြစ်အပျက် နှစ်ခုကို ခရစ်ယာန်ကခြားနားပြီးနားလည်ပါတယ်။ ကျွန်တော်ရှင်းပြပါမယ်။ တကယ့်အဖြစ်အပျက်သမိုင်းဆိုတာ နေ့တိုင်းဖြစ်နေ တာပေါ့။ သမိုင်းဆိုတာကတော့ သုံးပါးတဆူဘုရားသခင်က ထာဝရကာလကထဲက သူ့ရဲ့အကြံအစည်တော်မှာ သူ့ဘုန်းတော်ထင် ရှားဖို့ သမိုင်းဟာဒီလိုဖြစ်ပျက်ရမယ်လို့ ကြိုတင်ခွဲခန့်မှတ်သားထားခြင်းတွေကိုပြောတာဖြစ်တယ်။

အဲဒီ ထာဝရကြိုတင်ခွဲခန့်မှတ်သားထားခြင်းထဲမှာ ချမှတ်ထားတဲ့အကြောင်းအရာတွေက၊ တကယ့်အဖြစ်အပျက်သမိုင်းကို ကိုင်တွယ်ပါတယ်။ အဲဒီထာဝရခွဲခန့်ထားတဲ့အထဲကအတိုင်း မျက်မှောက်သမိုင်းဟာ ဖြစ်ပျက်နေပါတယ်။ ဘုရားသခင်က အဲဒီလို ဖြစ်ရအောင် စောင်မတော်မူခြင်းတန်ခိုးတော်နဲ့ ကိုင်တွယ်ဖြစ်ပျက်နေစေပါတယ်။

အဲဒါကြောင့် သမိုင်းက ကျွန်တော်တို့ကိုမျှော်လင့်ချက်ပေးနိုင်တာဖြစ်တယ်။ သမိုင်းဟာ သမိုင်းဆရာက သူကြိုက်တဲ့ဦး တည်ချက်ကိုချမှတ် အဲဒါနဲ့ကိုက်ညီမဲ့အချက်အလက်တွေကို ရွေးချယ်စုပေါင်းတင်ပြ၊ ဒါကိုသမိုင်းလို့မခေါ်ဘူး။ သမိုင်းဟာ ဘုရား

သခင်က ထာဝရအကြံအစည်တော်ထဲက ခွဲခန့်မှတ်သားထားပြီးအကြောင်းအရာများကို မျက်မှောက်မှာ ဖြစ်ပျက်နေစေတာသမိုင်းဖြစ်တယ်။ ဒီတော့ သမိုင်းမှာ ဒီဇိုင်းရှိတယ်၊ သမိုင်းမှာ ရည်ရွယ်ချက်ရှိတယ်။ သမိုင်းမှာလားရာရှိပါတယ်။

**သမိုင်းရဲဒီဇိုင်း**

သမိုင်းရဲဒီဇိုင်းကို အတိုဆုံးပြောရရင်၊ ဖန်ဆင်းခြင်း၊ အပြစ်ထဲကျဆုံးခြင်း၊ ယေရှုခရစ်အားဖြင့်ကယ်တင်ခံရခြင်းဖြစ်ပါတယ်။ ဒါဟာ သမိုင်းရဲဒီဇိုင်းဖြစ်တယ်။ သမိုင်းကိုဒီပုံစံကနေကြည့်ရင်အားလုံးအဆင်ပြေသွားပါတယ်။

ဒီနေ့ခေတ်ဖြစ်ပျက်နေတဲ့ ကမ္ဘာ့ပြဿနာအားလုံးဟာ အပြစ်ထဲကျဆုံးခြင်းရဲ့ရလဒ်တွေချည်းဘဲဖြစ်တယ်။ ဘာဖြစ်လို့စစ်တွေဖြစ်နေတာလဲ? လူဟာ အပြစ်ထဲကျဆုံးပြီးနောက်ပိုင်း၊ ဘုရားမပါဘဲလဲ ငါအဆင်ပြေပါတယ်လို့ပြောနေတာ မဖြစ်နိုင်ကြောင်း၊ လူဟာ ဘုရားမပါဘဲ ထာဝရစစ်ငြိမ်းချမ်းခြင်းကိုမရနိုင်ဘူးဆိုတာ ဘုရားသခင်က သက်သေပေးနေတာဖြစ်တယ်။

ဘာလို့ရောဂါဘယတွေထူပြောနေတာလဲ။ လူဟာ ဘုရားကိုမေ့ပြီး၊ ကမ္ဘာပေါ်မှာ ပဒေသာပင်ခေတ်၊ နောက်တမျိုးပြောရရင်၊ ယူတိုပီးယား၊ နောက်တမျိုးပြောရရင်၊ လောကနိဗ္ဗာန် တည်ဆောက်လို့မရဘူး။ ဆေးသိပ္ပံက နိဂုံးချုပ်မျှော်လင့်ချက်မပေးနိုင်ဘူးဆိုတာ ဘုရားသခင်က သက်သေပြနေတာဘဲဖြစ်တယ်။

ဘာလို့ လူတန်းစား၊ အတင့်အတန်းတွေကွဲနေတာလဲ? ဘာဖြစ်လို့ ဒင်ကျီးတဝမ်း၊ ဗျိုင်းတဝမ်းဖြစ်နေတာလဲ? လူဟာ ဘုရားသခင်ကိုမေ့ရင်၊ ငြိမ်းချမ်းသောလူ့ကမ္ဘာကြီး၊ သာတူညီမျှလူ့ကမ္ဘာကြီးကို ဘယ်လိုမှတည်ဆောက်လို့မရဘူးဆိုတာ ဘုရားသခင်ကပြောနေတာဘဲဖြစ်ပါတယ်။

**သမိုင်းရဲ့ရည်ရွယ်ချက်**

သုံးပါးတဆူဘုရားသခင်ဟာ ထာဝရကာလကနေ ထာဝရကာလတိုင်အောင် ပဋိညာဉ်ချစ်ခြင်းမိတ်ဆွေဖြစ်မှုအိမ်ထောင်စုထဲမှာ ပြည့်စုံကြွယ်ဝစွာနေထိုင်လျှက်၊ သူတို့ရဲ့ပြင်ပမှာ သူတို့ရဲ့ပြည့်စုံခြင်းကို ခံစားနိုင်ဖို့ သတ္တဝါတမျိုးဖန်ဆင်းမယ်လို့ လိုအပ်ချက်မဟုတ်သော်လည်း ဆုံးဖြတ်ကြပါတယ်။ အဲဒီလိုလုပ်ရင် ဘာကိုမှ သူတို့ရဲ့အဖြစ်တော်ထဲမှာ ထူးခြားမှာမဟုတ်သော်ငြား။ ကျွန်တော်တို့အတွက်ပြုတော်မူတယ်။

ဒါ့ကြောင့် သမိုင်းရဲ့ရည်ရွယ်ချက်ဟာ ဘုရားသခင့်ဘုန်းတော်ထင်ရှားဖို့ဖြစ်တယ်။ သမိုင်းကို ဘုရားသခင်ကစတယ်၊ သမိုင်းကို ဘုရားသခင်က ဆက်ရေးနေတယ်၊ ဆိုလိုတာက ဆက်လက်ဖြစ်ပျက်နေစေတယ်။ သမိုင်းကို ဘုရားသခင်က နိဂုံးချုပ်စေမှာဖြစ်တယ်။

သမိုင်းဟာ ခရစ်တော်ပထမအကြိမ်ကြွလာခြင်းကို ဗဟိုပြုပြီးအားလုံးဖြစ်ပျက်ကြပါတယ်။ ဒါကို ကျမ်းစာအရ ဓမ္မဟောင်းကာလလို့ခေါ်တယ်။ ကမ္ဘာကတော့ ဘီစီ(BC = before Christ)ခရစ်တော်မလာခင်အချိန်များလို့ခေါ်ကြပါတယ်။ အဲဒီအချိန်ဖြစ်ပျက်သမျှဟာ ခရစ်တော်ကြွလာဖို့ပြင်ဆင်နေတာဘဲဖြစ်တယ်။ အားလုံးက အဲဒီအချိန်ကိုရည်စူးပြီးဖြစ်ပျက်နေကြပါတယ်။

ဒီနေ့ခေတ်သစ်သမိုင်းကျတော့၊ အဲဒီခရစ်တော်ပြန်လာပြီး၊ ကောင်းကင်သစ်မြေကြီးသစ်ကို ဦးတည်လျှက် ရွေ့နေပါတယ်။ ဒါ့ကြောင့် သမိုင်းဘယ်သို့လဲ?လို့မေးရင် ခရစ်ယာန်တယောက်အတွက်တော့ အဓိပ္ပါယ်ရှိသောအဖြေရှိပါတယ်။ ကမ္ဘာ့ပညာပညာရှင်တွေကိုမေးရင် ယောင်ဝါးဝါးပြန်ဖြေကြမှာဖြစ်တယ်။ ဘုရားမှမသိတာကိုး။

ဒီတော့ ကျွန်တော်တို့အတွက်မျှော်လင့်ချက်ကဘယ်မှာလဲ? သမိုင်းကဘာမျှော်လင့်ချက်ပေးတာလဲ? သမိုင်းဟာ ခရစ်တော်ကိုဗဟိုပြုပြီး ဘုရားသခင်ကကိုင်တွယ်နေတော့၊ ကျွန်တော်တို့ အသင်းတော်ဆိုတာ ခရစ်တော်ရဲ့ကိုယ်ခန္ဓာဖြစ်တယ်။ဒါ့ကြောင့် သမိုင်းဟာ အသင်းတော်အတွက်ဖြစ်နေတာဖြစ်တယ်။ သမိုင်းဟာ ခင်ဗျားနဲ့ကျွန်တော် ယုံကြည်သူတွေအတွက်ဖြစ်နေတာဖြစ် တယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေ ခြောက်လှန့်ရင်လည်း မကြောက်ဘူး။ ဘာလို့လဲဆိုတော့ သမိုင်းဟာ ခရစ်တော်အတွက်ဖြစ်နေလို့ပဘဲ။ ခရစ်တော်ပြန်မလာမချင်း သမိုင်းဆက်လက်နေမှာဘဲ။ အသင်းတော်နေလို့ရဖို့၊ အသင်းတော်ဆက်လက်ရပ်တည်နိုင်ဖို့၊ အသင်းတော်ပြည့်စုံလာဖို့ သမိုင်းဟာဆက်လက်နေမှာဖြစ်တယ်။ ဒါဟာ ကျွန်တော်တို့ခရစ်ယာန်တွေအတွက် သားစဉ်မြေးဆက် စိတ်ချမ်းသာရခြင်းဖြစ်ပါတယ်။ (ဆရာဆန်ကဲ့)

++++++++++++++++++++++++++++++++++++++

## သုတ္တံကျမ်း

သုတ္တံကျမ်းကိုရေးသားဖို့ ဘုရားသခင်ရဲ့အသုံးပြုခြင်းခံရသူဟာ အစ္စရေးဘုရင် ဆော်လမွန်ဖြစ်ပါတယ်။ သူဟာ ဘီစီ ၁၀၁၃ ကနေ ၉၇၃ အထိ နန်းစံပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့သုတ္တံကျမ်းဟာ ဂရိတွေးခေါ်ရှင်တွေထက်လည်း နှစ်များစွာအရင်ကျပါတယ်။

ပထမဆုံး ဂရိအိုလံပစ်ပြိုင်ပွဲထက် နှစ်ပေါင်း ၂၃၉ နှစ်စောပါတယ်။ ပါးသျှားဘုရင်ကြီး ဆိုင်းရပ်စ်ထက် နှစ်ပေါင်း ၄၇၉ နှစ်စောပါတယ်။ အဲဒီခေတ်မှာပေါ့ ဂရိပညာရှိကြီးခုနှစ်ဦးထွန်းကာခဲ့တာ။ ဂရိဘုရင်ကြီးအလက်ဇန်းဒါးသည်ဂရိတ်ထက် နှစ်ပေါင်း

၆၇၉ နှစ်စောပါတယ်။ အဲဒီခေတ်မှာပေါ့ ဆိုကရေးတီးစ်၊ ပလေတို၊ အရစ်တိုတယ်လ် ဆိုတဲ့ ကမ္ဘာကျော်တွေးခေါ်ရှင်တွေထွန်းကာတာ။

ဒါ့ကြောင့် ကျွန်တော်တို့ ခရစ်ယာန်ပညာရှိခြင်းသဘောတရားတွေကို ဗုဒ္ဓကျမ်းဂန်တွေက မလွှမ်းမိုးသလို၊ ဂရိအတွေးအခေါ်တွေကလည်း မလွှမ်းမိုးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါတွေထက် အရင်ကျတာကိုး၊ လွှမ်းမိုးမဲ့လွှမ်းမိုးရင် သုတ္တံကျမ်းကသာ သူနောက်ပေါ်လာတာတွေကို လွှမ်းမိုးမှာဖြစ်တယ်။ အဖေ့ထက် သား တလကြီးလို့ မရပါဘူး။

သုတ္တံ ၂း၁–၂၂ (ကျိန်းဘုရင်မူ)

၁ – ငါ့သား၊ အကယ်၍သင်သည် ငါ၏စကားလုံးတို့ကို လက်ခံလျှင်၊ ငါ၏ပညတ်တော်များကို သင်နှင့်အတူ ဝှက်ထားလျှင်၊

၂ – ထိုသို့ဖြင့် သင်၏နားကို ပညာရှိခြင်းသို့ တိမ်းညွတ်စေလျှင်၊ ထို့နောက် နားလည်ခြင်းကို သင်၏နှလုံးသားသို့ အကျိုးသက်ရောက်စေလျှင်၊

၃ – မှန်သည်၊ အသိပညာနောက်သို့ အော်ဟစ်လျှင်၊ ထို့နောက် သင်၏အသံကို နားလည်ခြင်းအတွက် အော်ဟစ်လျှင်၊

၄ – အကယ်၍ သင်သည် နားလည်ခြင်းအား ငွေသတ္တုကိုရှာသကဲ့သို့ရှာလျှင်၊ ဖွက်ထားသောရတနာများကဲ့သို့ ရှာလျှင်၊

၅ – သင်သည် ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်းကို နားလည်လာမည်ဖြစ်သည်၊ ထို့နောက် ဘုရားသခင်၏အသိပညာကို ရှာတွေ့မည်ဖြစ်သည်။

၆ – အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ဉာဏ်ပညာကို ပေးတော်မူပါသည်၊ သူ၏နှုတ်တော်မှ အသိပညာနှင့်နားလည်ခြင်းရောက်လာပါသည်။

၇ – ဘုရားသခင်သည် ဖြောင့်မတ်သူတို့အတွက် ကောင်းမွန်သောဉာဏ်ပညာကို စုထားပါသည်၊ သူသည် ဖြောင့်မှန်စွာရှောက်လှမ်းသူများအတွက် ဒိုင်းဖြစ်တော်မူသည်။

၈ – ဘုရားသခင်သည် တရားစီရင်ခြင်းလမ်းတို့ကို စောင့်ရှောက်ပါသည်၊ သူ၏သန့်ရှင်းသူတို့၏လမ်းခရီးကို စောင့်ရှောက်ထိန်းသိမ်းပေးပါသည်။

၉ – ထို့နောက် သင်သည် ဖြောင့်မတ်ခြင်း၊ တရားစီရင်ခြင်း၊ သမာသမတ်ကျခြင်းတို့ကို နားလည်လာမည်ဖြစ်သည်၊ မှန်သည်၊ ကောင်းသောလမ်းအားလုံးကိုနားလည်လာပါမည်။

၁၀ – ဉာဏ်ပညာသည် သင်၏နှလုံးသားထဲသို့ဝင်သောအခါ၊ အသိပညာသည် သင်၏ဝိညာဉ်အတွက် နှစ်လိုဖွယ်ဖြစ်သောအခါ၊

၁၁ – လိုလျှင်လိုသလိုဆုံးဖြတ်တတ်ခြင်းက သင့်ကို စောင့်ထိန်းမည်ဖြစ်သည်၊ နားလည်ခြင်းက သင့်ကို စောင့်ရှောက်မည်ဖြစ်သည်၊

၁၂ – သင့်ကို ဆိုးညစ်သူ၏လမ်းမှ ကယ်လွှတ်မည်၊ မသင့်တော်သောအကြောင်းများကိုပြောသောသူထံမှ ကယ်လွှတ်မည်ဖြစ်သည်။

၁၃ – ဖြောင့်မတ်ခြင်းလမ်းများကို စွန့်ပစ်သူ၊ အမိုက်မှောင်လမ်းများသို့လိုက်သူ၊

၁၄ – ဆိုးညစ်မှုလုပ်ရခြင်းကို ပျော်မွေ့သူ၊ ဆိုးယုတ်သူ၏မသင့်တော်သောအကြောင်းများကို နှစ်သက်သူ၊

၁၅ – ကွေးကောက်သောလမ်းတို့ကိုလျှောက်သွားသူများ၊ မိမိတို့လမ်းကြောင်းများတွင် မသင့်တော်ခြင်းများကိုပြုလုပ်သူများထံမှ သင့်ကိုကယ်လွှတ်မည်ဖြစ်သည်၊

၁၆ – သူစိမ်းမိန်းမ၊ မိမိ၏စကားလုံးများဖြင့် မြှောက်ပင့်တတ်သော လူစိမ်းမိန်းမထံမှ သင့်ကို ကယ်လွှတ်မည်ဖြစ်သည်၊

၁၇ – မိမိ၏ငယ်စဉ်ဘဝက လမ်းညွှန်သူကို စွန့်ပစ်ခဲ့သူ၊ မိမိဘုရားသခင်၏ပဋိညာဉ်ကို မေ့ပစ်သူအမျိုးသမီးထံမှ ကယ်လွှတ်မည်ဖြစ်သည်။

၁၈ – အဘယ့်ကြောင့်ဆိုသော် ထိုအမျိုးသမီး၏အိမ်သည် သေခြင်းသို့ တိမ်းညွတ်နေပါသည်၊ သူမ၏လမ်းတို့သည် လူသေကောင်ထံသို့ဖြစ်ပါသည်။

၁၉ – သူမထံသို့ သွားသူမှန်သမျှ ပြန်မလာကြတော့ပါ၊ ထိုသူတို့သည် အသက်၏လမ်းခရီးတို့ကို မကိုင်စွဲနိုင်ကြတော့ပါ။

၂၀ – ထိုသို့ဖြင့် သင်သည် ကောင်းသောသူတို့၏လမ်းတွင် လျှောက်လှမ်း၍၊ ဖြောင့်မတ်သူတို့၏လမ်းခရီးတို့ကို စောင့်ထိန်းရမည်ဖြစ်သည်။

၂၁ – အဘယ့်ကြောင့်ဆိုသော် ဖြောင့်မတ်သူတို့သည် နိုင်ငံတော်ထဲတွင် နေထိုင်ကြရမည်ဖြစ်သည်၊ ပြည့်စုံသောသူသည်လည်း ထိုအထဲ၌ကျန်ခဲ့ပါမည်။

၂၂ – သို့သော် ဆိုးညစ်သူတို့သည် ကမ္ဘာမြေကြီးပေါ်မှ သုတ်သင်ပယ်ရှင်းခြင်းခံရပါမည်၊ လွန်ကျူးသူတို့လည်း ကမ္ဘာပေါ်မှနေ၍ နုတ်ပစ်ခြင်းခံရပါမည်။

××××××××××××××××××××××

ဂလာတိ ၂း၁–၂၁ (ကျိန်းဘုရင်မူ)

၁ – ထို့နောက် ဆယ့်လေးနှစ်ကြာသော် ငါသည် ဗာနဘတ်စ်နှင့်အတူ ဂျေရုဆလင်မြို့သို့ သွားပါသည်၊ တိုက်တပ်စ်ကိုလည်း ငါနှင့်အတူ ခေါ်သွားပါသည်။

၂ – ဗျာဒိတ်ဖွင့်ပြချက်အတိုင်း ငါသွားခဲ့ခြင်းဖြစ်သည်၊ တပါးအမျိုးသားများထဲ၌ ငါဟောပြောခဲ့သော ဧဝံဂေလိအကြောင်းကို သူတို့အားသိစေရန်သွားပြောခြင်းဖြစ်သည်၊ သို့သော် ဂုဏ်အသရေရှိသူတို့ထံသို့သာ သိုသိုသိပ်သိပ် ပြောခဲ့ပါသည်၊ မဟုတ်ပါက ငါသည် ပြေးနေသော်လည်း အချည်းနှီးမဲ့ပြေးနေရမည်စိုး၍ဖြစ်သည်။

၃ – ငါနှင့်အတူပါသော တိုက်တပ်စ်ကိုလည်း ဂရိလူမျိုးဖြစ်သဖြင့် အတင်းအကြပ် အရေဖျားလှီးခြင်း မခံခိုင်းပါ၊

၄ – ထိုသို့ပြုရခြင်းမှာ ညီအကိုယောင်ဆောင်သူတို့ သတိမပြုမိလိုက်ဘဲ ဝင်ရောက်လာလျှက်၊ ခရစ်တော်ယေရှုထံမှရကြသော ငါတို့၏လွတ်လပ်ခြင်းကို လျှို့ဝှက်စွာ စောင့်ကြည့်ကြမည်စိုး၍ဖြစ်သည်။

၅ – ထိုသူတို့ထံသို့ ငါတို့သည် လုံးဝမနာခံကြပါ၊ တနာရီမျှပင်လက်မခံပါ၊ ထိုသို့ဖြင့် ဧဝံဂေလိ၏အမှန်တရားသည် သင်တို့နှင့်အတူ ဆက်လက်တည်ရှိနိုင်ရန်ဖြစ်သည်။

၆ – သို့သော် မိမိတို့ကိုယ်ကို အတော်အရေးကြီးသူများဟု ထင်နေကြသူတစုရှိပါသည်၊ (မည်သို့သောသူဖြစ်ကြပါစေ၊ ငါ့အတွက် ဂရုစိုက်စရာမဟုတ်ပါ၊ ဘုရားသခင်သည် မည်သူ့ကိုမျှ သူဘာဖြစ်သည်ဆို၍လက်ခံခြင်းမဟုတ်ပါ) အဘယ့်ကြောင့်ဆိုသော် ထို မိမိတို့ကိုကိုယ် အဟုတ်ကြီးထင်ကြသူတို့က အစည်းအဝေးလုပ်ကြရာ၊ ငါ့အတွက် ဘာမှထူးမနေပါ။

၇ – ထိုမှဆန့်ကျင်စွာ၊ အရေဖျားလှီးခြင်းမခံသောသူတို့၏ဧဝံဂေလိကို ငါ့ထံ၌အပ်ထားကြောင်း သူတို့သိသွားကြပါသည်၊ အရေဖျားလှီးခြင်းခံသူတို့၏ ဧဝံဂေလိကိုမူ ပီတာထံတွင်ဖြစ်ပါသည်၊

၈ – (အဘယ့်ကြောင့်ဆိုသော် အရေဖျားလှီးခြင်းခံသူများထံ တမန်တော်ဖြစ်လာဖို့ ပီတာကို အကျိုးအာနိသင်ရှိစွာ အမှုဆောင်စေသူသည်၊ ငါ့ထံ၌လည်း တပါးအမျိုးသားများထံသို့ အားကြီးစွာလုပ်ဆောင်ပေးပါသည်)၊

၉ – ထို့အပြင် အမာခံတိုင်မကြီးများနှင့်တူကြသော ဂျိမ်းစ်၊ စီးဖတ်စ်၊ ဂျွန်တို့ကလည်း ငါ့ထံသို့ပေးထားသောကျေးဇူးတော်ကို သဘောပေါက်ကြပါသည်၊ ထို့ကြောင့် သူတို့က ငါနှင့်ဗာနဘတ်စ်ကို လက်ျာလက်ဟူသောမိတ်သဟာယဖွဲ့ခြင်းကို ပေးအပ်ကြပါသည်၊ ငါတို့သည် မယုံကြည်သူများထံသွားသင့်ကြသည်၊ သူတို့မူ အရေဖျားလှီးခြင်းခံကြသူတို့ထံသွားကြမည်ဟု ဆုံးဖြတ်ကြသည်။

၁၀ – သူတို့က ငါတို့သည် ဆင်းရဲသူများကိုသတိရကြဖို့ကိုသာ အလိုရှိကြပါသည်၊ ထိုအမှုကို ငါကလည်း အထူးပြုလုပ်ကိုင်ချင်ပါသည်။

၁၁ – သို့သော် ပီတာ အန်တီအုတ်မြို့သို့လာသောအခါ၊ ငါသည် သူ့ကို မျက်နှာချင်းဆိုင်ခဲ့ရပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် အပြစ်တင်ခံထိုက်သည်ကို ပြုသောကြောင့်ဖြစ်သည်။

၁၂ – ဂျိမ်းစ်ထံမှာ လူအချို့မလာကြခင်၊ ပီတာသည် တပါးအမျိုးသားတို့နှင့်အတူ စားသောက်လျှက်နေပါသည်၊ သို့သော် ထိုသူတို့လာကြသောအခါ၊ သူသည် နောက်ဆုတ်သွားပါသည်၊ သူ့ကိုသူ သီးသန့်နေပါသည်၊ အရေဖျားလှီးခြင်းခံသူများကိုကြောက်၍ ထိုသို့ပြုမူခြင်းဖြစ်သည်။

၁၃ – ထိုအခါ အခြားဂျူးများကလည်း အတူမနေကြတော့ဘဲ သူကဲ့သို့ပြုမူကြပါသည်၊ ထို့နောက် ဗာနဘတ်စ်လည်း သူတို့၏ဟန်ဆောင်မှုကြောင့် သူတို့ဖက် ပါသွားပါသည်။

၁၄ – သို့သော် သူတို့သည် ဧဝံဂေလိအမှန်တရားအတိုင်း ဖြောင့်မတ်စွာမရှောက်လှမ်းကြခြင်းကို ငါတွေ့သောအခါ၊ သူတို့အားလုံးရှေ့တွင် ပီတာ့ကို "သင်သည် ဂျူးဖြစ်သော်လည်း ဂျူးတို့ကဲ့သို့မနေဘဲ တပါးအမျိုးသားတို့နေထိုင်ပုံနှင့်နေခဲ့လျှင်၊ သင်သည် အဘယ့်ကြောင့် တပါးအမျိုးသားတို့ကို ဂျူးတို့ကဲ့သို့နေရန် အကျပ်ကိုင်ရပါသနည်း?"ဟု ငါပြောပါသည်။

၁၅ – ဂျူးဖြစ်သောငါတို့သည် သဘာဝအားဖြင့် တပါးအမျိုးသားတို့ကဲ့သို့ အပြစ်သားများမဟုတ်ကြ၊

၁၆ – လူတဦးသည် ပညတ်တော်များ၏အလုပ်များအားဖြင့် မဖြောင့်မတ်နိုင် ခရစ်တော်ယေရှုကိုယုံကြည်ခြင်းဖြင့်သာ ဖြောင့်မတ်နိုင်သည်ကို သိကြလျှက်၊ ငါတို့ကိုယ်တိုင်ပင် ယေရှုခရစ်ကို ယုံကြည်ခဲ့ကြပါသည်၊ ထိုသို့ဖြင့် ငါတို့သည် ခရစ်တော်အား ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်လာကြရန်ဖြစ်သည်၊ ပညတ်တော်၏အလုပ်များဖြင့်မဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ပညတ်တော်၏အလုပ်များဖြင့် မည်သည့်အသွေးအသားမှ မဖြောင့်မတ်နိုင်ကြပါ။

၁၇ – သို့သော် ခရစ်တော်အားဖြင့်ဖြောင့်မတ်ဖို့ ရှာဖွေနေကြလျှက်နှင့် ငါတို့သည် အပြစ်သားများအဖြစ် တွေ့နေကြရပါသေးသလော? ထိုသို့ဖြစ်လျှင် ခရစ်တော်သည် အပြစ်ကိုပြုလုပ်ပေးသူဖြစ်သလော? ဘုရားသခင်က တားမြစ်ပါသည်။

၁၈ – အဘယ့်ကြောင့်ဆိုသော် ငါဖျက်ဆီးခဲ့သောအရာကို ငါပြည်တည်ဆောင်နေသည်ဆိုလျှင်၊ ငါသည် မိမိကိုယ်ကို အပြစ်ကျူးလွန်သူ ဖြစ်နေစေပါမည်။

၁၉ – ငါသည် ပညတ်တော်အားဖြင့် ပညတ်တော်သို့ သေပါသည်၊ ထိုသို့ဖြင့် ဘုရားသခင့်ထံတော်သို့ ငါ အသက်ရှင်ရန်ဖြစ်သည်။

၂၀ – ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်တွင်အတင်ခံရသည်၊ သို့ပါလျှက် ငါ အသက်ရှင်ပါသည်၊ သို့သော် ငါမဟုတ် ပါ၊ ခရစ်တော် ငါ့အထဲ၌ရှင်နေခြင်းဖြစ်သည်၊ ထို့အပြင် အသွေးအသားထဲ၌ ယခုအချိန် ငါ ရှင်နေသောအသက်သည် ငါ့ကိုချစ်၍၊ ငါ့အတွက် မိမိကိုယ်ကိုပေးအပ်သော ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းဖြင့် ရှင်နေခြင်းဖြစ်ပါသည်။

၂၁ – ငါသည် ဘုရားသခင်၏ကျေးဇူးတော်ကို ကဖျက်ယဖျက်မလုပ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ဖြောင့်မတ်ခြင်းသာ ပညတ်တော်ဖြင့်လာခဲ့လျှင်၊ ခရစ်တော်သည် အချည်းနှီးမဲ့အသေခံရမည်ဖြစ်သည်။

+++++++++++++++++++++++++++

**သခင်ဘုရား၏နေ့(၃)**

၆။ ဤသို့ဆိုလျှင် ဘုရားသခင်က လူသားကို အလွန်ဆိုးညစ်သူ၊ ကောင်းမြတ်ခြင်းမှလမ်းလွဲနေသူအဖြစ် ဖန် ဆင်းခဲ့ပါသလား?

လုံးဝမဟုတ်ပါ။ ဘုရားသခင်ကလူသားကို ကောင်းမြတ်သူအဖြစ်၊ သူ၏ ပုံသဏ္ဍာန်တော်အတိုင်း မှန်သောဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းတို့၌ ဖန်ဆင်းပါသည်။ ထိုသို့ဖြင့် လူသည် မိမိ၏ဖန်ဆင်းရှင် ဘုရားသခင်ကို မှန်ကန်စွာသိနိုင်ရန်၊ လှိုက်လှိုက်လှဲလှဲ ချစ်နိုင်ရန်၊ ထို့နောက် ဘုရားသခင်နှင့်အတူ ထာဝရပျော်ရွှင်ခြင်း၌နေထိုင်လျက်၊ သူ၏ ဘုန်းတော်ကို ထင်ရှားစေကာ၊ ချီးမွမ်းရန် ဖြစ်သည်။ (ကမ္ဘာ ၁း၃၁၊ ၁း၂၆–၂၇၊ ကော ၃း၁၀၊ ဧဖက် ၄း၂၄၊ ၁း၆၊ ၁ကော ၆း၂၀)

၇။ သို့ဆိုလျှင် ဤလူသဘာဝ၏ဆိုးယုတ်ခြင်း မည်သည့်နေရာမှ ထွက်ပေါ်လာပါသနည်း?

ပါရာဒိုက်စ်တွင် ကျွန်ုပ်တို့၏ ပထမဆုံးမိဘများဖြစ်သည့် အာဒံနှင့်ဧဝတို့၏ မနာခံခြင်း၊ ကျဆုံးခြင်းမှ ဖြစ်သည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့၏ သဘာဝသည် အလွန်ပျက်ပြားလာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အပြစ်၌ ပဋိသန္ဓေတည်လျက် မွေးဖွားလာ ကြပါသည်။ (ကမ္ဘာ ၃း၆၊ ရော ၅း၁၂၊ ၁၈–၁၉၊ ဆာလံ ၅၁း၅၊ ကမ္ဘာ ၅း၃)

၈။ သို့ဆိုလျှင် ကျွန်ုပ်တို့သည် အလွန်ပျက်ဆီးကြသဖြင့် ကောင်းမှုတစုံတခုကိုမျှ လုံးလုံးလျားလျား လုပ်နိုင်ခြင်းမရှိ၊ ဆိုးယုတ်ခြင်း အားလုံးသို့ တိမ်းညွတ်စိတ်ပါ နေကြပါသလား?

အမှန်ပင်ဖြစ်သည်။ ဘုရားသခင့်ဝိညာဉ်တော်၏ ပြန်လည်မွေးဖွားမှုကို မခံရသေးသ၍ ဤအခြေအနေ၌ပင် ရှိနေကြပါမည်။